“အကြင်သူသည် မိန်းကလေးနှစ်ဦးအား

သူတို့အရွယ်‌ရောက်ကြီးပြင်းလာသည်အထိ

တာဝန်ယူထိန်းကျောင်းစောင့်ရှောက်ခဲ့လျှင်၊

ကိယာမတ်ရှင်ပြန်ထမည့်နေ့တွင် ငါကိုယ်တော်နှင့် သူသည်ဤကဲ့သို့ ရောက်ရှိလာမည်” ဟု မိန့်တော်မူပြီးတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိမိ၏လက်ချောင်းများကို စုစည်းပြသတော်မူခဲ့သည်။

အနတ်စ်ဗင်န်မာလိက် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ “အကြင်သူသည်
မိန်းကလေးနှစ်ဦးအား သူတို့အရွယ်‌ရောက်ကြီးပြင်းလာသည်အထိ
တာဝန်ယူထိန်းကျောင်းစောင့်ရှောက်ခဲ့လျှင်၊ ကိယာမတ်ရှင်ပြန်ထမည့်နေ့တွင်
ငါကိုယ်တော်နှင့် သူသည် ဤကဲ့သို့ ရောက်ရှိလာမည်” ဟု မိန့်တော်မူပြီးတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မိမိ၏ လက်ချောင်းများကို
စုစည်းပြသတော်မူခဲ့သည်။ [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က မည်သူမဆို သမီးမိန်းကလေးနှစ်ဦးဖြစ်‌စေ၊အမ ညီမနှစ်ဦးဖြစ်စေ ချီးမြှင့်ခြင်းခံရပြီး၊ ၎င်းတို့နှစ်ဦးအရွယ်ရောက်ကြီးပြင်းလာသည်အထိ ၎င်းတို့၏ စရိတ်စကများကို တာဝန်ယူကာကောင်းမွန်စွာပြုစုပျိုးထောင်၊ ကောင်းမြတ်သောအရာများကိုသင်ကြားပေးပြီးမကောင်းမှုများမှ တားမြစ်သွန်သင်ပေးခဲ့လျှင် ကိယာမတ်နေ့တွင်ထိုသူနှင့်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဤသို့သောပုံစံဖြင့် (အတူတကွ) ရောက်ရှိလာကြမည် ဖြစ်ကြောင်း မိန့်ကြားရင်းတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် မိမိ၏လက်ခလယ်နှင့် လက်ချောင်းကိုစုစည်းပြသတော်မူခဲ့သည်။

http://www.sunnah.global/hadeeth/my/show/3360